Volume 2 / Issue 8 /August / 2009
*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## A man reap what he sow. Galatians.6:7b

### A SOWER

A Sower is the one who sowed the seed.

The seed is **The Word of God**.
God's son (Jesus Christ) sowed the good seed.
He sowed The Word of Truth in the heart of human being.

When we proclaim the Gospel we sow good seed.
When we give The Word of God we are sowing good seed.

Nothing is comparable to **The Word** itself.
It has potential power.
It is a living seed and never fails.

We are to imitate our Lord, **THE SOWER**.
The pure seed of The Word is scattered wherever we go.
Sow by the stream of water, whatever he does prosper.

**LORD,**
Make me a seed sower this day,
And hear my prayer for the entire sower in all over the world. Amen!

*By: Smile*

Mailing Address - Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

### "God's Word sown on good soil"

The true knowledge of God's Word is the most important element of a victorious Christian life. The Word of God often refers to itself as a seed.

I meet some people; they said they are Christians who say prayer and attending to Church regularly in their lives but remain frustrated with the results like pagans. It's because they are missing the seeds of conception; they just don't know God's Word.

In Mark 4, the Lord taught three parables which illustrate that the Kingdom of God what a natural seed is to a harvest. The first of these parables, the story of the sower, is the key to unlocking all the Word of God. If we don't understand these truths, Jesus said we won't understand any of His other parables.

**"Listen! A farmer went out to sow his seed (God's Word).**

**Some people are like seed along the path, where the word is sown. As soon as they hear it, Satan comes and takes away the word that was sown in them.**

**Others, like seed sown on rocky places, hear the word and at once receive it with joy. But since they have no root, they last only a short time. When trouble or persecution comes because of the word, they quickly fall away.**

**Still others, like seed sown among thorns, hear the word; but the worries of this life, the deceitfulness of wealth and the desires for other things come in and choke the word, making it unfruitful.**

**Others, like seed sown on good soil, hear the word, accept it, and produce a crop—thirty, sixty or even a hundred times what was sown."**

There are many life-changing truths in these parables, but one fact must be understood to get the full benefit of this teaching. This fact of seeding time and harvest operates in every situation of our lives. If we will plant God's Word in our hearts, then allow the seed to germinate and the plant to grow to multiply, we will reap the fruits of a harvest.

Apostle Paul point out in 1 Cor.3:7-8, so neither he who plants nor he who waters is anything, but only God, who makes things grow. The man who plants and the man who waters have one purpose, and each will be rewarded according to his own labor.

God has done His part; He has given us the Word: "the power to get wealth". The power is in His promises, His Word. As we plant those promises in our hearts, the truth of His Word germinates and prosperity comes.

For some people's heart has become calloused; they hardly hear with their ears, and they have closed their eyes. I cannot tell you strongly enough how important it is that you know God's Word and that you plant the seed of His Word in your heart long before you need the fruit of the harvest. It depends on your heart.

It could mean the difference between prosperity and poverty, or even life and death. I believe this is so important that it's the power and importance of God's Word in your life.

------------------------------------------------------------------------*By: Ma Social*------

# ‘တင့်တယ် တံခါးသို့ ဝင်ရန်’

တနေ့သောအခါ ပဌနာ ပြုအံ့သောငှါ သုံးချက်တီး အချိန်၌ ပေတရု နှင့် ယောဟန်တို့သည် ဗိမာန်တော်သို့ လာကြရာ တံခါးနှင့် မနီးမဝေးတွင် မမျှော်လင့်ဘဲ အမိဝမ်းတွင်းကပင် ခြေမစွမ်းသော သူတစ်ယောက်ကို တွေ့ရ၏။ ထိုတံခါး၏ အမည်မှာ ‘တင့်တယ်တံခါး Beautiful Gate’ ဖြစ်ပါသည်။ သို့သော် ထိုသူ၏ဘဝမှာမတင့်တယ်လှပေ။ ဗိမာန်တော်သို့ ဝင်သောသူတို့ စွန့်ကြဲခြင်းကို ခံစေခြင်းငှါ သူတပါးတို့သည် ထမ်းလျက်လာ၍ တင့်တယ်တံခါးနား မှာထိုသူကို ထားလေ့ရှိ၏။

တမန်တော်ဝတ္ထု ၃း၁–၁၀ကို ဖတ်ကြည့်လျှင်၊ ထူးကဲသော အံ့သြဘွယ်ရာဖြစ်ရပ်ကို ပေတရုနှင့် ယောဟန် တို့ ပြုသွားသည်ကို တွေ့ရလိမ့်မည်။ ထိုသူသည် ပေတရုနှင့်ယောဟန်တို့ ဝင်လာသည်ကို မြင်လျှင် “စွန့်ကြဲပါ” ဟုတောင်းလေ၏။ ထိုစဉ် ပေတရုနှင့်ယောဟန်တို့သည် ထိုသူကို စေ့စေ့ကြည့်ရှု၍ “ငါတို့အားမျှော်ကြည့်လော့”ဟု ဆိုလျှင်၊ ထိုသူကလည်း တစုံတခုကိုရမည် အထင်နှင့် တမန်တော်တို့ကို မျှော်ကြည့်လေသော်၊–

ပေတရုကလည်း၊ “ငါ၌ ရွှေငွေမရှိ၊ ရှိသည်အရာကိုသာသင့်အား ငါပေးမည်။ နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော် အားဖြင့် ထ၍ လှမ်းသွားလော့”ဟုဆိုလျက်၊ ထိုသူ၏ လက်ျာလက်ကို ကိုင်ဆွဲ၍ ချီကြွလေရာ ခဏချင်းတွင်၊ ခြေနှစ်ဘက်တို့သည် စွမ်းအားကို ရသဖြင့်၊ ရုတ်တရက် ထ၍ မတ်တပ် ရပ်ပြီးလျှင် လှမ်းသွားလေ၏။ ခုန်လျက် သွားလျက်၊ ဘုရားသခင်ကိုချီးမွမ်းလျက်၊ တမန်တော်တို့နှင့်အတူ ဗိမာန်တော်ထဲသို့ဝင်လေ၏။

ထိုသို့ ဗိမာန်တော်၏ တင့်တယ်တံခါးနားမှာ စွန့်ကြဲခြင်းကိုခံ၍ ထိုင်နေသောသူသည် ဘုရားသခင်အား ချီးမွမ်းလျက် လှမ်းသွားသည်ကို လူအပေါင်းတို့သည် မြင်သောအခါ၊ သူ၌ ဖြစ်သည့်အမှုကို အံ့သြ မိန်းမော တွေဝေ ကြ၏။ အကြောင်းမူကား၊ ကိုယ်လက် အင်္ဂါ ချို့တဲ့သူသည် ဗိမာန်တော် တွင်းသို့ မဝင်ရ ဟူသော ဥပဒေ ချမှတ်ထားသဖြင့်၊ အနာကင်းခြင်း နိမိတ်လက္ခဏာကို ခံရသောသူသည် အသက်လေးဆယ်ကျော်ရှိသည့်တိုင် တင့်တယ်တံခါးနားမှာ ထိုင်၍၊ စွန့်ကြဲမည့်သူကိုမျှော်နေရ၏။ လူအပေါင်းတို့သည် ထိုအမှုကို ထောက်လျက် ဘုရားသခင်၏ဂုဏ် တော်ကို ချီးမွမ်းကြ၏။

ပေတရုက သင်တို့သည် အဘယ်ကြောင့် ဤအမှုကိုအံ့သြကြသနည်း။ ဤသူသည်လှမ်းသွားနိုင် သောအခွင့်ကို ငါတို့သည် ကိုယ်တန်ခိုး၊ ကိုယ်သီလအားဖြင့် ပေးဘိသကဲ့သို့ အဘယ်ကြောင့်ငါတို့ကို စေ့စေ့ကြည့်ရှု ကြသနည်း။ ငါတို့ဘိုးဘေးများ၏ ဘုရားသခင်သည် မိမိသားတော်၏ ဘုန်းကို ထင်ရှားစေ တော်မူပြီ။

ထိုသခင်ကို သင်တို့သည် ပိလတ်မင်း လက်သို့အပ်နှံ၍၊ ထိုမင်းသည် လွှတ်မည် အကြံရှိသော်လည်း သင်တို့သည် ထိုသခင်ကို ငြင်းပယ်ကြ၏။ အသက်ရှင်ခြင်းသို့ ပို့ဆောင် တော်မူသော အရှင်ကို ကွပ်မျက်ကြပြီ။ သို့သော်လည်း ထိုအရှင်ကို ဘုရားသခင်သည် သေခြင်းမှထမြောက်စေတော်မူသည်ကို ငါတို့သည် သက်သေခံ၏။ ထိုသခင်ကိုယုံကြည်ခြင်းအားဖြင့် ထိုသခင်၏နာမ တော်သည် သင်တို့သိမြင်သော ဤသူအား အစွမ်းကို ပေးတော်မူပြီ။ ထိုသခင်ကြောင့်ရသော ယုံကြည်ခြင်းသည် သင်တို့၏မျက်မှောက်တွင် ဤသူ၌စုံလင်ခြင်းအခွင့်ရှိလေပြီ။

ထိုသခင်မှတပါး အဘယ်သူမျှကယ်တင်ခြင်းအမှုကို မတတ်နိုင်။ ထိုသခင်၏နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။

ထိုသူတို့သည် ပေတရုနှင့်ယောဟန်တို့၏ ရဲရင့်ခြင်းသတ္တိကိုမြင်၍၊ လူတတ်မဟုတ်၊ လူသာမညသာ ဖြစ်သည်ကို သိမှတ်သဖြင့် အံ့သြ၍နေကြ၏၊ ထိုသူနှစ်ယောက်တို့သည် အထက်က ယေရှုနှင့်အတူ ရှိသည်ကို သတိရ၍၎င်း၊ အနာကင်းလွတ်သောသူသည် ထိုသူတို့နှင့်အတူ ရှိနေသည်ကိုမြင်၍၎င်း၊ ငြင်းခုံဆိုဘွယ်ရာ မရှိ မတွေ့ကြ။

တမန်တော်တို့သည် လူများတို့အား ဆုံးမဩဝါဒပေး၍ ယေရှုကိုအကြောင်းပြုလျက်၊ သေခြင်းမှ ထမြောက်ခြင်းတရားကို ဟောရာတွင် တရားနာသောသူများတို့သည် ယုံကြည်ခြင်းသို့ရောက်၍ အရေအတွက် အားဖြင့် လူငါးထောင်လောက် ရှိကြ၏။

မယုံနိုင်ဘွယ်ရာ ဖြစ်ရပ်၏ အကြောင်းတရားကို စဉ်းစားဆင်ခြင်ပြီး သည့်အခါဝယ်၊–
သင်သည် ယေရှုခရစ်တော်ကို မသိသေးဘူးဆိုလျှင်၊ သင်ဝင်သောတံခါးသည် မှားနေသဖြင့် သင်၏ဝိညာဉ်သည်လည်း အင်အား ချို့တဲ့နေမှာ အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် စိတ်ပျက် အားလျော့ခြင်း မရှိနှင့်။ ယေရှုခရစ်တော် ကိုယ်တိုင်ပင် တံခါးဝတွင် သင့်ကို ချီပင့်လျှက် ခမည်းတော်ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ပို့ဆောင်ပေးတော်မူမည်။

ဤအချက်သည် ထူးကဲသောအံ့သြဘွယ်ရာဖြစ်ရပ်၏ စစ်မှန်သောအနက်အဓိပ္ပါယ်ဖြစ်သည်။ ဘုရားသခင်သည် သင့်အား အသစ်သော အသက်တာကို ပေးလိုသည်။ ပေးလည်း ပေးနေပါသည်။ သင့်၏အသက်တာကို ပိုမို၍ လှပတင့်တယ်စေခြင်ပါသည်။ သင်ဝင်သောတံခါး မှန်ကန်ဘို့ရန် အလွန်အရေးကြီးလှပေသည်။

ယေရှုက၊– ငါသည် လမ်းခရီး ဖြစ်၏။  သမ္မာတရားလည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။
ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။
သင်တို့သည် ငါ့ကိုသိလျှင်  ငါ့ခမည်းတော်ကို မသိဘဲမနေရကြ။
ယခုမှ စ၍ ခမည်းတော်ကို သိမြင်ကြ၏ ဟုမိန့်တော်မူသည်။ (ယော၊၁၄း၆)

ယေရှုက၊– ငါသည် တံခါးဝ ဖြစ်၏။
ငါဖြင့် ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက် ထွက်ဝင်၍ကျက်စားရာကို တွေ့ရလိမ့်မည်။
သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ ......
အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်ဖြင့် ပြည့်စုံစေခြင်းငှါ လာသတည်း။(ယော၊၁၀း၉)

ယေရှုခရစ်တော်သည် တဖန်ကြွလာလိမ့်ဦးမည်။ သခင့်ထံသို့ လာရန် စေတနာဖြင့် ဖိတ်ခေါ်ပါ၏။ သင့်အား မှားသောတံခါးသို့ မဝင်စေလိုပါ။ ခုန်လျက် သွားလျက်၊ ဘုရားသခင်ကိုချီးမွမ်းလျက်၊ ယေရှုခရစ်တော် နှင့်အတူ ခမည်းတော်ထံသို့ ဝင်စေလိုပါသည်။

သင်သည်လည်း သင့်ဘဝအသက်တာ လှပတင့်တယ်မှုကို လိုခြင်ပါသလား?။

‘တင့်တယ်တံခါး Beautiful Gate’မှဝင်ကြပါရန် တိုက်တွန်း နှိုးဆော်ပါသည်။ နောင်တရလျှက် တံခါးမပိတ်မှီ ပြန်လာခဲ့ပါ။ ထိုတံခါး၌ ယေရှုခရစ်တော်သည် သင့်ကို စောင့်လျှက်ကြိုနေပါသည်။ ယေရှုခရစ်တော် မှတစ်ပါး အခြားမရှိပါ။ ဤအခွင့်အရေးကို လက်လွှတ်မခံကြပါနှင့်။ ။

————————————————————————————————— ရေး၊–ရီရီအေး ———